
# ဗုဒ္ဓမြတ်စွာ

## ပါရမီ



mgyoe.com

# ဗုဒ္ဓမြတ်စွာ

ပါရဂူ

ISBN9789997116260
PYG54
9 789997 116260
1,500.00KS

mgyoe.com

ဗုဒ္ဓမြတ်စွာ၊ ပါရဂူ
စာမျက်နှာ ၉၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မတ်လ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၅ မိုးမင်းစာပေ၏ တတိယအကြိမ်မှ။

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# ဗုဒ္ဓမြတ်စွာ ပါရဂူ

စတုတ္ထအကြိမ်၊ ၂၀၀၉

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| – | နိဒါန်း | က |
| ၁။ | ဗျာဒိတ်စကား | ၁ |
| ၂။ | မိဿရှုးသန့်စင်ဖွားမြင်ခြင်း | ၃ |
| ၃။ | သူငယ်အရွယ် | ၆ |
| ၄။ | လက်ထပ်မင်္ဂလာ | ၈ |
| ၅။ | လောကီစည်းစိမ် | ၁၀ |
| ၆။ | နိမိတ်ကြီးလေးပါး | ၁၂ |
| ၇။ | တောထွက်ခြင်း | ၁၆ |
| ၈။ | မာရ်နတ်၏ အနှောင့်အယှက် | ၁၉ |
| ၉။ | ဒုက္ကရစရိယာကျင့်ခြင်း | ၂၂ |
| ၁၀။ | သုဇာတာ၏ နို့ဆွမ်း | ၂၄ |
| ၁၁။ | မာရ်နတ်၏ တိုက်ပွဲ | ၂၈ |
| ၁၂။ | ဘုရားဖြစ်တော်မူခြင်း | ၃၁ |
| ၁၃။ | ဓမ္မစကြာ | ၃၃ |
| ၁၄။ | ကဿပနှင့် ဗိမ္ဗိသာရ | ၃၇ |


mgyoe.com

mgyoe.com


၁၅။ သာရိပုတ္တရာနှင့် မောဂ္ဂလာန် ၄၉

၁၆။ အနာထပိဏ်သူဌေး ၄၂

၁၇။ ကလေးအမေ ၄၄

၁၈။ ပြည်တော်ပြန် ၄၇

၁၉။ နန္ဒမင်းသား ၅၁

၂၀။ သားတော်ရာဟုလာ ၅၃

၂၁။ သကျငါးဦး ၅၅

၂၂။ ခမည်းတော်နှင့်မယ်တော် ၅၈

၂၃။ ဘိက္ခုနီသာသနာ ၆၀

၂၄။ ဗုဒ္ဓနှင့်အမျိုးသမီး ၆၂

၂၅။ သမားတော်ဇီဝက ၆၄

၂၆။ ဗုဒ္ဓနှင့်ငြိမ်းချမ်းရေး ၆၆

၂၇။ အင်္ဂုလိမာလ ၆၈

၂၈။ ဒေဝဒတ် ၇၁

၂၉။ အမ္ဗပါလီ ၇၄

၃၀။ ယသောဓရာ ပရိနိဗ္ဗာန်စံဝင်ခြင်း ၇၇

၃၁။ ပရိနိဗ္ဗာန်ပြုချိန် ၇၉

၃၂။ ပန်းထိမ်သည် စုန္ဒ ၈၁

၃၃။ အာနန္ဒာ၏ အပူမီး ၈၄

၃၄။ ပရိနိဗ္ဗာန်စံဝင်ခြင်း ၈၇


❑

mgyoe.com

mgyoe.com



## နိဒါန်း

ကျွန်ုပ်တို့ကလေးအရွယ် ငယ်စဉ်ကာလက ကျွန်ုပ်တို့၏ ဘိုးဘွားများသည် ကျွန်ုပ်တို့အား ဇိနတ္ထပကာသနီ စာအုပ် ထူထူကြီးကိုပေးပြီး အဖတ်ခိုင်းလေ့ခိုင်းထ ရှိလေသည်။ မိဘဘိုးဘွားများ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့အား ဗုဒ္ဓဝင်အသိဉာဏ်ရအောင် ပြုလုပ်ခြင်းပင် ဖြစ်တန်ရာသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် မည်မျှပင် သံကုန်အော်၍ ဖတ်စေကာမူ စာဖတ်သွားသည်မှတစ်ပါး ဗုဒ္ဓဝင်အသိဉာဏ်ကို စိုးစဉ်းမျှ မရရှိခဲ့ကြ၊ အကြောင်းမှာ ဇိနတ္ထပကာသနီစသော ထိုကျမ်းစာအုပ်များမှာ ကလေးသူငယ်နှင့် လူပြိန်းများအတွက် ရေးသားထားသည့် စာအုပ်များ မဟုတ်သည့်အပြင် လူကြီးများပင် ခဲခဲယဉ်းယဉ်း ဖတ်ယူရသည့် ကျမ်းစာအုပ်မျိုး ဖြစ်နေလေသည်။

အခြားသော ဘာသာစာပေများ၌ ဗုဒ္ဓဖြစ်စဉ် ဗုဒ္ဓဝင်ကိုရေးသားထားသည့် ကျမ်းစာအုပ်များ အစားစားရှိသကဲ့သို့ မြန်မာဘာသာဖြင့်လည်း ဇိနတ္ထပကာသနီစသော ဗုဒ္ဓဝင် စာအုပ်များရှိသည်မှာ မှန်ပါသည်။ သို့ရာတွင် ထိုစာအုပ်

mgyoe.com

mgyoe.com



များမှာ ကျယ်ဝန်းစွာ ရေးသားထားအပ်သည့် စာအုပ်များ ဖြစ်ရကား တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းအဓိပ္ပာယ်ကို သိလိုသူများနှင့် ကလေးသူငယ်များအတွက် အခက်ကြုံတွေ့နေရလေ၏။ သို့ဖြစ်၍ တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကို အဖိုးနည်းဝန်ပါ လွယ်ကူစွာ ရေးသားထားအပ်သည့် ဗုဒ္ဓဝင်ကျမ်းစာ တစ်စောင်တစ်ဖွဲ့ လိုနေသည်မှာ မငြင်းသာသော အချက်ဖြစ်နေလေ၏။

ထိုလိုအပ်ချက်ကို ဖြည့်စွက်လိုသည့် ဆန္ဒဖြင့် ဤစာအုပ်ကို ရေးသားရခြင်း ဖြစ်လေ၏။ ကလေးသူငယ်များနှင့် ဗုဒ္ဓတရားကို စလုံးရေစလို သူများအတွက် ရည်ရွယ်၍ ရေးသားထားအပ်သည့် စာအုပ်ဖြစ်သဖြင့် ကျွန်ုပ်သည် ဤစာအုပ်၌ ဗုဒ္ဓဝင်အကြောင်းကို တိုတိုကျဉ်းကျဉ်းနှင့် ရှင်းရှင်းရေးပြထားပါသည်။ ရန်ကုန်တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနမှ ဆရာဒဂုန်ဦးထွန်းမြင့်က ဤစာမူကို ကြည့်ရှုပြင်ဆင်ပေးပါသည်။

ပါရဂူ

၁၅-၅-၅၆

□

mgyoe.com

mgyoe.com

# [ ၁ ]
# ဗျာဒိတ်စကား

ဂေါတမဘုရားအလောင်းသည် တုသိတာနတ်ပြည်၌ ကိုယ်ရောင်ကိုယ်ဝါ ဝင်းလက်တောက်ပစွာဖြင့် စံနေတော်မူလေ၏။ နတ်ဒေဝါအပေါင်းတို့က ဘုရားအလောင်းကို ဝိုင်းရံပြီးလျှင် တိတ်ဆိတ်ငြိမ်သက်စွာ ရိုသေဦးညွတ်နေကြသည်။

* * *

လွန်လေပြီးသော ကပ်ကမ္ဘာပေါင်းများစွာက ဒီပင်္ကရာဘုရားပွင့်တော်မူစဉ်ကာလဝယ် သီလသမာဓိနှင့် ပြည့်စုံသည့် သုမေဓာအမည်ရှိ ရသေ့တစ်ဦးရှိလေသည်။

တစ်နေ့သ၌ ဒီပင်္ကရာမြတ်စွာဘုရား ကြွတော်မူမည်ဆိုသည့် သတင်းကို ကြားသိရသဖြင့် လူအပေါင်းသည် တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင်လမ်းကို ပြင်ဆင်မွမ်းမံနေကြလေသည်။ ထိုအခါ သုမေဓာရသေ့ကလည်း လမ်းတစ်နေရာစာကို ခင်းကျင်းပြင်ဆင်ရန် တာဝန်ယူလိုက်လေသည်။ သုမေဓာရသေ့သည် နောက်လိုက်တပည့်သံဃာများ ခြံရံလျက် ဘုရားရှင်ကိုယ်တော်မြတ် ကြွလာသည်ကို တွေ့မြင်ရသောအခါ ဒီပင်္ကရာ

mgyoe.com

mgyoe.com


ဘုရားကဲ့သို့ပင် ဘုရားရှင်တစ်ဆူဖြစ်လိုသည့် စိတ်ဆန္ဒပြင်းပြစွာ ပေါ်ပေါက်လေ၏။

အနီးသို့ ဒီပင်္ကရာဘုရားရောက်သည့်အခါ သုမေဓာရသေ့တာဝန်ယူထားသည့် လမ်းနေရာကွက်မှာ ပြင်ဆင်ခင်းကျင်း၍ မပြီးသေးပေ။ တစ်ပိုင်းတစ်စပင်ရှိသေးသည်။ လမ်းအကြားတစ်နေရာသည် မဖို့ရသေးဘဲ လပ်ကျန်နေလေသည်။ ထိုကျန်နေသည့် နေရာကို ဖို့ရန်အတွက်လည်း အချိန်မရှိတော့ပေ။ ထိုအခါ သုမေဓာရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရား အခက်အခဲမရှိစေဘဲ လျှောက်သွားနိုင်စေရန်အလို့ငှာ ရတ်တရက် ဝမ်းလျားမှောက်ပြီးလျှင် ရှည်လျားလှသော ဆံပင်ကို ဖျာအသွင်ကဲ့သို့ ဖြန့်ခင်းပေးလိုက်လေ၏။ ထိုခဏ၌ သုမေဓာရသေ့သည် ဘုရားဆုကို တောင်းလိုက်လေသည်။

ဒီပင်္ကရာ မြတ်စွာဘုရားသည် သုမေဓာကိုကြည့်ပြီးလျှင် "ဤယခုငါ၏ရှေ့၌ အလျားမှောက်၍နေသော ရသေ့သည် နောင်တစ်ခေတ်တွင် ဘုရားတစ်ဆူဖြစ်တော်မူလိမ့်မည်" ဟူ၍ အနာဂတံသဉာဏ် (အနာဂတ်ကို မြော်မြင်သိရှိသည့်ဉာဏ်) တော်ဖြင့် သိမြင်တော်မူသောကြောင့် ထိုအကြောင်းကိုလူအပေါင်းအား ဗျာဒိတ်စကား မိန့်ကြားတော်မူလိုက်လေ၏။

* * *

ထို သုမေဓာရသေ့သည်ကား ပါရမီရှင် ဂေါတမဘုရားအလောင်းဖြစ်၍ သူတောင်းခဲ့သည့် ဘုရားဆုမှာ ပြည့်ဖို့ရန် အချိန်ကျရောက်လာခဲ့လေ၏။

ထို့ကြောင့် နတ်ဒေဝါအပေါင်းသည် ဘုရားအလောင်းကို ဝိုင်းရံပြီးလျှင် တိတ်ဆိတ်ငြိမ်သက်စွာ ရိုသေဦးညွှတ်နေကြခြင်း ဖြစ်သည်။ အကြောင်းမူကား နတ်ဒေဝါအပေါင်းသည် ဘုရားအလောင်း လူ့လောကသို့ဆင်း၍ သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးလျှင် သတ္တဝါများအား အမြိုက်တရားကိုဟောကြားတော်မူမည့် အချိန်တန်ပြီဖြစ်ကြောင်းကို သိရှိနေကြသောကြောင့်ဖြစ်လေ၏။

❑

mgyoe.com

mgyoe.com

# [၂]
## မီးရှူးသန့်စင် ဖွားမြင်ခြင်း

အိန္ဒိယပြည်မြောက်ပိုင်း ဟိမဝန္တာတောင်ခြေ၌ သကျနွယ်ဝင်တို့၏ ကပိလဝတ်အမည်ရှိသည့် တိုင်းပြည်တစ်ပြည်ရှိလေသည်။ ထိုတိုင်းပြည်၌ သုဒ္ဓေါဒနအမည်ရှိ ဘုန်းသမ္ဘာကြီးမားသည့် ဘုရင်တစ်ပါးသည် စိုးမိုးအုပ်ချုပ်၍နေလေ၏။ သုဒ္ဓေါဒနမင်းကြီး၏ ကြင်ရာမိဖုရားကား ကျင့်ဝတ်သီလနှင့်ပြည့်စုံသူ မဟာမာယာဖြစ်လေသည်။

တစ်ညသောအခါ သလွန်ညောင်စောင်းထက်၌ ငြိမ်သက်စွာ အိပ်စက်နေစဉ် မဟာမာယာမိဖုရားသည် "ဆင်ဖြူရတနာတစ်စီးက သာယာသောအသံကိုမြည်လျက် သူ၏ လက်ယာနံပါးကိုဖောက်ပြီး ဝမ်းတိုက်တွင်းသို့ ဝင်ရောက်လာသည်"ဟူသော ထူးခြားဆန်းကြယ်သည့် အိပ်မက်မြင်မက်လေ၏။ ယင်းသို့ အိပ်မက်မက်ခြင်းမှာ ဘုရားအလောင်း ပဋိသန္ဓေနေသည့် အထိမ်းအမှတ် ဖြစ်သည်။

ထို့နောက် ဘုရားအလောင်း ဖွားမြင်ချိန် နီးကပ်လာသည့်အခါ မဟာမာယာမိဖုရားသည် သူ၏ ဆွေတော်မျိုးတော်များ နေထိုင်ရာ ဒေဝဒဟပြည်သို့ အလည်အပတ်သွားလိုသည့် အာသာဆန္ဒဖြစ်ပေါ်လာလေ၏။

ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည် လမ်းခရီးအကြား၌ သာယာနုပျို

mgyoe.com

mgyoe.com


သော လုမ္ဗိနီအမည်ရှိ အင်ကြင်းဥယျာဉ် ရှိလေသည်။ နုပျိုစိမ်းလန်းသော အင်ကြင်းကိုင်းခက်တို့ဖြင့် သာယာကြည်နူးဖွယ်ကောင်းသည့် ထိုလုမ္ဗိနီဥယျာဉ်၌ ပန်းရနံ့များသည် ပျံ့နှံ့ကြိုင်လှိုင်၍နေသည်။ ပျားပိတုန်းနှင့် ငှက်မျိုးစုံတို့သည် ပင်လုံးကျွတ်ဖူးပွင့်ဝေနေသည့် အင်ကြင်းပင်တို့၏အကြား၌ လူးလားပျံသန်း၍ နေကြလေ၏။

လုမ္ဗိနီဥယျာဉ်၏ ကြည်နူးဖွယ်ကို တွေ့မြင်ရသည့်အခါ ဒေဝဒဟပြည်ဘက်သို့ ခရီးထွက်လာခဲ့သည့် မဟာမာယာမိဖုရားသည် ဥယျာဉ်တွင်းသို့ ဝင်ရောက်နားလေ၏။ မဟာမာယာမိဖုရား ဥယျာဉ်အတွင်းသို့ ဝင်ရောက်၍ ရပ်နားလိုက်စဉ်ခဏ၌ မင်္ဂလာကျက်သရေနှင့် ပြည့်စုံသည့် အင်ကြင်းပင်သည် မိဖုရားကိုင်တွယ်နိုင်အောင် အကိုင်းအခက်များကို ကိုင်းညွတ်ပေးလေသည်။ မဟာမာယာမိဖုရားသည် အင်ကြင်းကိုင်းကို လှမ်းကိုင်လိုက်လေသည်။ ထိုခဏ၌ပင် နာကျင်ခြင်းအလျဉ်းမရှိဘဲ လွယ်ကူစွာနှင့်ပင် ဘုရားအလောင်းသည် ဖွားမြင်လာပြီးလျှင် သူငယ်အရွယ်အဖြစ်ဖြင့် ဤလောကတွင် ပေါ်ပေါက်လာလေ၏။ မြေအပြင်နှင့် ဝေဟင်တစ်ခုလုံးသည် ဝမ်းသာမဆုံးဖြစ်နေလေသည်။

နန်းညွန့်နန်းလျာ သားရတနာ ဖွားမြင်သည်ဆိုသည့်သတင်းကို ကြားသိရသည်ဖြစ်၍ သုဒ္ဓေါဒနမင်းကြီးသည် မဖြစ်စဖူး ထူးကဲလှစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ၏။ ထို့ကြောင့် ဘုရင်သုဒ္ဓေါဒနသည် မင်္ဂလာအထိမ်းအမှတ်ပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်ပြီးလျှင် ဆင်းရဲချမ်းသာမရွေး အလှူဒါန ပေးကမ်းစွန့်ကြဲလေသည်။ တစ်တိုင်းတစ်ပြည်လုံးသည် ရွှင်ပြုံးနှစ်သက်နေကြလေသည်။

လူပေါင်းများစွာတို့သည် သားတော်ကို လာရောက်ကြည့်ရှုကြလေသည်။ ယင်းတို့၏အထဲ၌ အသိတ (ကာဠဒေဝိလ) အမည်ရှိ ရသေ့လည်း တစ်ဦးအပါအဝင်ဖြစ်၏။ အသိတ ရသေ့သည်ကား အနာဂတ်ကို မြော်မြင်ကြည့်ရှုနိုင်သူပုဂ္ဂိုလ်ဖြစ်လေ၏။ အသိတရသေ့သည် သားတော်၏ ကိုယ်ကာယပေါ်၌ ထင်နေသည့် ဘုရားဖြစ်မည့် လက္ခဏာကြီးငယ် အသွယ်သွယ်ကို တွေ့မြင်သိရှိရသည်ဖြစ်၍ "သူငယ်သည် အသက်အရွယ်ကြီးပြင်းလာသောအခါတွင် သတ္တဝါများကို ကယ်တင်မည့် ဗုဒ္ဓဘုရားဖြစ်လတ္တံ့" ဟု

mgyoe.com

mgyoe.com


ခိုင်မာစွာ ပြောဆိုလေ၏။

နက္ခတ်ဗေဒင် ပညာရှိပေါင်းများစွာတို့သည် အလောင်းတော် သားငယ်၏ ဇာတာနှင့်စပ်လျဉ်း၍ ဟောစာတမ်းအမျိုးမျိုးကို ထုတ်ကြလေသည်။ နက္ခတ်ဗေဒင်ပညာရှိပေါင်းများစွာက "သားတော်သည် လူ့ဘောင်၌ နေပြီး မင်းစည်းစိမ်ကိုဆက်ခံပါလျှင် လေးကျွန်းလုံးကို ပိုင်စိုးသည့် စကြဝတေးမင်းဖြစ်လိမ့်မည်။ သို့မဟုတ် လူ့ဘောင်ကို ခွာရှောင်၍ ရဟန်းပြု သွားလျှင်မူကား သတ္တဝါတို့၏ မှီခိုအားထားရာ ဘုရားရှင်ဖြစ်လိမ့်မည်"ဟု နှစ်ခွဟောကြလေ၏။ သုဒတ္တ (ကောဏ္ဍည) အမည်ရှိ ပုဏ္ဏားငယ်ကမူကား "သားတော်သည် သူအို၊ သူနာ၊ သူသေ၊ ရဟန်း တည်းဟူသော နိမိတ်ကြီး လေးပါးကို တွေ့မြင်ရပြီးသည့်နောက် တောထွက်သွားပြီးလျှင် လူနတ်တို့၏ ကိုးစားရာ ဘုရားရှင်ဧကန်ပင် ဖြစ်လိမ့်မည်" ဟု တစ်မျိုးတည်းဟောကိန်း ထုတ်လေသည်။

ထို့နောက်တွင် သားတော်ကို အမည်ပေးသည့် မင်္ဂလာပွဲကို ထီးနန်းစဉ်လာအရ ခမ်းနားကြီးကျယ်စွာ ကျင်းပပြုလုပ်လေသည်။ ထိုအမည်ပေးပွဲ၌ သားတော်အား 'သိဒ္ဓတ္ထ' ဟူသော အမည်နာမကို မှည့်ခေါ်လိုက်ကြလေသည်။

အလောင်းတော်မင်းသား ဖွားမြင်ပြီး၍ ခုနစ်ရက်ကြာရှိသောအခါ မယ်တော် မဟာမာယာမိဖုရားကြီး ကွယ်လွန်သွားလေသည်။ အကြောင်းသော်ကား အဆုံးစွန်ဘဝ ဘုရားလောင်းကို ဖွားမြင်ပြီးသောမိခင်သည် လူ့ပြည်လူ့လောက၌ ခုနစ်ရက်ထက်လွန်၍ နေရရိုးထုံးစံမရှိပေ။ မယ်တော် မဟာမာယာသည် လူ့ပြည်မှ ကွယ်လွန်သွားပြီးလျှင် တုသိတာနတ်ပြည်၌ နတ်သားဖြစ်သွားလေ၏။ နောင်သောအခါ၌ သားတော် မြတ်စွာဘုရားသည် မယ်တော်နတ်သားရှိရာ ထိုတုသိတာပြည်သို့ တရားဓမ္မဟောပြောရန် အလို့ငှာ ကြွသွားတော်မူလေသည်။

❑

mgyoe.com

mgyoe.com

# [၃]
# သူငယ်အရွယ်

မယ်တော် မဟာမာယာမိဖုရား နတ်ရွာလားသော်လည်း အလောင်းတော်မင်းသားသည် မိတဆိုးကလေး ဖြစ်မနေပေ။ မယ်တော်မဟာမာယာ၏ ညီမတော်အရင်းဖြစ်သည့် သုဒ္ဓေါဒနမင်းကြီး၏ မိဖုရား မဟာပဇာပတိဂေါတမီက အလောင်းတော်မင်းသားကလေးကို သားအရင်းသဖွယ် မွေးမြူကြည့်ရှုလေ၏။

တစ်နေ့သ၌ ကပိလဝတ်နေပြည်တော်၌ လယ်ထွန်မင်္ဂလာသဘင်ဆင်ယင်ကျင်းပလေ၏။ ထိုနေ့တွင် လူအပေါင်းသည် မြို့တော်တစ်ခုလုံးကို နတ်ဘုံနတ်နန်းသဖွယ် ပြင်ဆင်မွမ်းမံထားကြလေသည်။ သုဒ္ဓေါဒနမင်းကြီးသည် လယ်ထွန်မင်္ဂလာပွဲသဘင် ကျင်းပရာသို့ သားတော်သိဒ္ဓတ္ထကိုလည်း ခေါ်သွားလေ၏။

လယ်ထွန်မင်္ဂလာကျင်းပရာ လယ်ကွက်များ၏အနီး၌ အရိပ်အာဝါသကောင်းသည့် ဇမ္ဗူသပြေပင် တစ်ပင်ရှိသည်။ ထိုဇမ္ဗူသပြေပင်ရင်းတွင် ခင်းကျင်းမိုးကာထားသည့် နေရာ၌ သားတော်ကို အထိန်းအယများနှင့် ထားခဲ့ပြီးလျှင် သုဒ္ဓေါဒနမင်းကြီးသည် လယ်ထွန်ရာသို့ သွားရောက် လယ်ထွန်မင်္ဂလာပြုလုပ်လေ၏။

mgyoe.com

mgyoe.com


လယ်ထွန်သည့်နေရာ၌ လူပေါင်းများစွာသည် လယ်ထွန်မင်္ဂလာပွဲကို စည်ကားစွာ ဝိုင်းအုံကြည့်ရှုနေကြလေသည်။ အလောင်းတော်သားငယ်ကို ဝိုင်းရံ၍ ကြည့်ရှုစောင့်ရှောက်နေကြသည့် အထိန်းအယတို့သည်လည်း မင်္ဂလာပွဲကို ကြည့်ချင်သည့်ဇောနှင့် ကန့်လန့်ကာတွင်းမှ ထွက်ကြည့်ကြလေကုန်၏။ ထိုအခါ အလောင်းတော် မင်းသားကလေးသည် အပါး၌ မည်သူ့ကိုမျှ မတွေ့မြင်ရသည်ဖြစ်၍ ရုတ်တရက် တင်ပလ္လင်ခွေထိုင်ပြီးလျှင် အာနာပါန ကမ္မဋ္ဌာန်းစီးဖြန်းလျက် ပထမဈာန် ဝင်စားနေလေ၏။

အထိန်းအယတို့သည် အစားအသောက်များ၌ စိတ်ဝင်စားနေကြသည်ဖြစ်၍ အလောင်းတော်မင်းသားကလေး၏ အပါးသို့ ပြန်ရောက်ရန် နှောင့်နှေးကြန့်ကြာနေကြသည်။ နေညိုသွားပြီဖြစ်၍ သစ်ပင်အားလုံး၏ အရိပ်သည် စောင်းသွားလေပြီ။ သို့ရာတွင် ဇမ္ဗူသပြေပင်၏အရိပ်ကား ညနေစောင်းသည့်တိုင်အောင် ပြောင်းရွှေ့ခြင်းမရှိဘဲ ထီးမိုးထားသကဲ့သို့ ဝန်းဝိုင်းစွာပင် တည်ရှိနေလေ၏။

အထိန်းအယတို့သည် မင်းသားကလေးကို သတိရကြသည်ဖြစ်၍ ကန့်လန့်ကာအတွင်း ပြေးဝင်သွားကြသောအခါ မင်းသားကလေး၏ အခြေအနေကို အံ့သြစွာတွေ့မြင်ကြလေ၏။ ထိုသို့ အဆန်းတကြယ် တွေ့မြင်ရသည်ဖြစ်၍ အထိန်းအယတို့သည် မင်းကြီးကို သွားရောက် သံတော်ဦးတင်ကြလေ၏။ မင်းကြီးလည်း သားတော်အနီးသို့ အလျင် အမြန်ရောက်လာပြီးလျှင် အံ့သြဖွယ်ကို တွေ့မြင်ရ၍ သားတော်ကိုဦးညွှတ်ရှိခိုးလေ၏။

❑

mgyoe.com

mgyoe.com

# [၄]
# လက်ထပ်မင်္ဂလာ

သိဒ္ဓတ္ထမင်းသားကလေးသည် တဖြည်းဖြည်း ကြီးပြင်းလာရာ ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်လာခဲ့လေ၏။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သားတော်အတွက် ဥတုသုံးမျိုးနှင့် အသီးသီးသင့်လျော်သော ပြာသာဒ်သုံးဆောင်ကို ဆောက်လုပ်ပေးထားလေသည်။ ထိုပြာသာဒ်သုံးဆောင်၌ အလောင်းတော်မင်းသားသည် တစ်ဥတုတွင် တစ်လှည့်စီ ရံရွေတော်များနှင့် တကွ ခံစားစံစား၍ နေလေ၏။

သုဒ္ဓေါဒနမင်းကြီးသည် သားတော် အချိန်တန်အရွယ်ရောက်ပြီဖြစ်၍ ပုဏ္ဏားပညာရှိတို့၏ ဟောကိန်းအတိုင်း တောထွက်သွားမှာ စိုးရိမ်သောကြောင့် သားတော်ကို ဘုရင့်သမီးတော်တစ်ပါးပါးနှင့် လက်ထပ်ထိမ်းမြားပေးရန် အကြံရလေ၏။ သို့ဖြစ်၍ တိုင်းနိုင်ငံအသီးသီးရှိ ဆွေတော်မျိုးတော်များထံ သားတော်အတွက် သမီးကညာဆက်သကြရန် အကြောင်းကြားလိုက်လေသည်။

သို့ရာတွင် ဆွေတော်မျိုးတော်တို့က "သိဒ္ဓတ္ထမင်းသားသည် ငယ်စဉ်ကစ၍ အတတ်ပညာသင်ကြားခြင်းမရှိဘဲ စည်းစိမ်အလယ်တွင် ကြီးပြင်းလာခဲ့သောသူဖြစ်သောကြောင့် သမီးကညာမဆက်သနိုင်" ဟု ငြင်းဆန်နေကြရာ

mgyoe.com

mgyoe.com


သုဒ္ဓေါဒနမင်းကြီးသည် အကြံအိုက်သွားလေသည်။ ထို့ကြောင့် သားတော်အား အတတ်ပညာသင်ကြားရန် တိုက်တွန်းလေ၏။ သိဒ္ဓတ္ထမင်းသားသည် အကျိုးအကြောင်း ကြားသိရသောအခါ "မိမိသည် အတတ်ပညာကို သင်ကြားရန်မလိုကြောင်း၊ ပညာစွမ်းကို ကြည့်လိုက ပြမည်ဖြစ်ကြောင်း" ခမည်းတော်အား ပြန်ကြားပြောလေ၏။

ထို့နောက် ခုနစ်ရက်အကြာတွင် ပရိသတ်ဗိုလ်ပုံအလယ်၌ သိဒ္ဓတ္ထမင်းသားသည် လေးအတတ်ပညာကို ထူးခြားအံ့သြဖွယ်ပြသလေသည်။ လေးအတတ်သာလျှင်သာမက မင်းသားများ တတ်အပ်သည့် အဋ္ဌာရသသိပ္ပအရပ်ရပ်ကိုလည်း ပြသလေရာ ဆွေတော်မျိုးတော်များသည် အထူးပင်ချီးမွမ်းအံ့သြကြကုန်ပြီးလျှင် သမီးကညာနှင့် လက်ဆောင်ပဏ္ဏာတို့ကို သူ့ထက်ငါ ဆက်သကြလေ၏။ ဒေဝဒဟပြည့်ရှင် ဘုရင်သုပ္ပဗုဒ္ဓကလည်း သမီးတော် ယသောဓရာကို ဆက်သလေသည်။ ရှေးဘဝက ရေစက်ရှိခဲ့ဖူးသည်ဖြစ်၍ သိဒ္ဓတ္ထမင်းသားသည် အလှဘုရင် ယသောဓရာကို ကြင်ဖက်အဖြစ် ရွေးကောက်ပြီးလျှင် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားလိုက်လေသည်။

❑

mgyoe.com

mgyoe.com

# [၅]
# လောကီစည်းစိမ်

သိဒ္ဓတ္ထမင်းသားနှင့် ယသောဓရာမိဖုရားတို့ စံပျော်ရန်အတွက် ပြုလုပ်ဖန်တီးထားသော စံနန်းဆောင်နှင့် ဥယျာဉ်တို့သည် နတ်ပြည်မှနတ်နန်းနှင့် နတ်ဥယျာဉ်တို့က အရှုံးပေးရလောက်အောင်ပင် တင့်တယ်လှပလေ၏။ ခန်းကြီးခန်းငယ် အသွယ်သွယ်တို့ဖြင့် ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်ထားသော စံနန်းဆောင်တို့သည် ရတနာရောင် တဖိတ်ဖိတ်တောက်နေကြသည်။

ကျယ်ပြန့်သည့် ဥယျာဉ်တွင်း၌ သစ်ပင်ပန်းမန်များသည် လေအလာတွင် ယိမ်းနွဲ့လှုပ်ရှားနေကြသည်။ ဟိုနေရာ သည်နေရာသို့ ရေတံခွန်များမှလည်း ရေပန်းရေမွှားများ ဖြာထွက်နေကြသည်။ ငွေရေကန်အတွင်း၌ကား အနီရောင်၊ အပြာရောင် ကြာပွင့်များ၏အလယ်တွင် ဝမ်းဘဲများသည် ဖြည်းညင်းစွာ လှုပ်ရှားကူးသန်းနေကြသည်။

စံနန်းဆောင်တို့၌ တူရိယာသံတို့သည် သာယာညင်းပျောင်းစွာ ထွက်ပေါ်နေကြသည်။ ဘုရားအလောင်းသည် နတ်သမီးများ ရံနေသည့် နတ်သားပမာ လှပစွာဝတ်ဆင်ထားသည့် ကချေသည်ပေါင်း လေးထောင်ကျော်တို့၏ အဆိုအကတို့ဖြင့် ဖြေဖျော်ယုယမှုများ၏ အကြား၌ လောကီစည်းစိမ်ကို

mgyoe.com

mgyoe.com


ခံစားစံစား၍ နေလေသည်။ နန်းတော်တွင်း၌ သေခြင်း၊ ဆင်းရဲခြင်း ဟူသည့် စကားလုံးများကို လေသံမျှမဟမိစေရန် ဘုရင့်အာဏာဖြင့် တင်းကျပ်စွာ ပိတ်ပင်တားမြစ်ထားလေသည်။

ဤသို့လျှင် ဘဝအဆက်ဆက်က ချည်နှောင်လာခဲ့သည့် သစ္စာနှောင်ကြိုးဖြင့် ချည်နှောင်ထားသော အလောင်းတော်သိဒ္ဓတ္ထနှင့် ကြင်ရာယသော်ဓရာတို့သည် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လူ့စည်းစိမ်ကို ခံစားစံစား နေလာခဲ့ကြလေသည်။

❑

mgyoe.com

mgyoe.com

# [ ၆ ]
# နိမိတ်ကြီးလေးပါး

တစ်နေ့သ၌ ဘုရားလောင်းသည် ဥယျာဉ်လယ်သို့ အလည်ထွက်လို သည်ဖြစ်၍ ရထားထိန်းအား ရထားအပြင်ခိုင်းလေ၏။ ရထားထိန်းသည် ရတနာတန်ဆာအမျိုးမျိုး ခြယ်စီထားသော အဖိုးအလွန်ထိုက်တန်သည့် ရထားတွင် ကြာဖြူအဆင်းရှိသည့် သိန္ဓောမြင်းလေးကောင်ကို ကပြီးလျှင် ဘုရားအလောင်းအား အကြောင်းကြားလေသည်။ ဘုရားအလောင်းသည် နတ်ဗိမာန်နှင့်တူသည့် ရထားပေါ်တွင် တက်စီးပြီးလျှင် ဥယျာဉ်ဘက်သို့ အလည်ထွက်လေ၏။

နတ်အပေါင်းတို့သည် "သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်ဖို့ အချိန်နီးကပ် လာပြီ။ နိမိတ်ကြီးလေးပါး ပြမှတော်မည်" ဟု အကြံရပြီးလျှင် နတ်သားတစ် ယောက်ကို သွားကလည်းကျိုး၊ ဆံကလည်းဖြူ၊ ခါးကလည်းကိုင်းနေသည့် အဘိုးအိုတစ်ယောက် အယောင်ဆောင်ခိုင်းပြီးလျှင် ဘုရားအလောင်းအား ပြသကြလေကုန်၏။ ထိုအဘိုးအိုသည် အလွန်အိုမင်းလှပြီဖြစ်၍ ဒယိမ်းဒယိုင် နှင့်တောင်ဝှေးကို အားပြုနေရရှာသည်။ ထိုအဘိုးအိုကို ဘုရားအလောင်းနှင့် ရထားထိန်းနှစ်ဦးသာလျှင် မြင်ရလေသည်။

ဘုရားအလောင်းသည် ထိုအဘိုးအိုကို မြင်ရသောအခါ "အို...

mgyoe.com

mgyoe.com


ရထားထိန်း၊ ဤပုဂ္ဂိုလ်ကား အဘယ်သူနည်း၊ သူ့ဆံပင်များက တခြားသူများလိုလည်း မဟုတ်ပါကလား"ဟု မေးကြည့်လေ၏။

**ရထားထိန်း။** ။ ဤပုဂ္ဂိုလ်ကိုလူအိုလို့ခေါ်ပါသည်။

**သိဒ္ဓတ္ထ** ။ ။ လူအိုဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးနည်း၊ ငါတို့လည်း သူ့လိုအိုရဦးမည်လော။

**ရထားထိန်း။** ။ အကျွန်ုပ်တို့အားလုံးလည်း အချိန်ကြာလာသည့်အခါတွင် သူ့လိုပင် အိုရပါလိမ့်မည်။

ရထားထိန်း၏ အဖြေကို ကြားရသောအခါ သိဒ္ဓတ္ထမင်းသားသည် "မွေးဖွားလာရခြင်းသည် စက်ဆုပ်ဖွယ်ကောင်းလှပေ၏။ မွေးဖွားလာသူမှန်သမျှ ဤသို့ပင် အိုမင်းရမှာပါကလား" ဟူ၍ ညည်းတွားပြီးလျှင် ရှေ့ဆက်မသွားတော့ဘဲ နန်းတော်သို့လှည့်ပြန်လာခဲ့လေ၏။

သုဒ္ဓေါဒနမင်းကြီးသည် သားတော် ချက်ချင်းပြန်လှည့်လာသည်ကို တွေ့မြင်ရ၍ အကျိုးအကြောင်း စုံစမ်းကြည့်သောအခါ သူအိုကိုတွေ့မြင်ခဲ့ရကြောင်း သိရှိရလေ၏။ သို့ဖြစ်၍ အရပ်လေးမျက်နှာ၌ ယူဇနာဝက်အထိ အစောင့်အကြပ်များ ချထားပြီးလျှင် လောကီအာရုံများကို ပိုမိုစုံလင်အောင် စီမံဖန်တီးပေးထားလေ၏။

ထို့နောက် တစ်နေ့သောအခါတွင် သိဒ္ဓတ္ထမင်းသားသည် ဥယျာဉ်သို့ အလည်ထွက်ပြန်လေ၏။ ထိုအကြိမ်၌ လမ်းဘေးတွင် နတ်တို့ဖန်တီး၍ပြသည့် လူမမာတစ်ဦးကို တွေ့ရလေသည်။ လူမမာသည် ညည်းညူလူးလိမ့်၍ ရောဂါဝေဒနာကို ခံစားနေရရှာလေသည်။ သိဒ္ဓတ္ထမင်းသားသည် ရထားထိန်းအား ယခင်နည်းအတိုင်း မေးကြည့်လေရာ ရထားထိန်းက ပြောပြသည်ဖြစ်၍ ကမ္ဘာမြေပေါ်၌ ရှိရှိသမျှသော လူအပေါင်းတို့ ရှောင်ကွင်းမရသည့် ရောဂါဝေဒနာအကြောင်းကို သိရှိသွားလေ၏။

ဤတွင် သိဒ္ဓတ္ထမင်းသားသည် သံဝေဂစိတ် ဖြစ်ပေါ်လာပြန်ပြီးလျှင် ရထားထိန်းအား ရှေ့သို့ ဆက်အမောင်းမခိုင်းတော့ဘဲ နန်းတော်သို့လှည့်ပြန်လာခဲ့လေ၏။ သုဒ္ဓေါဒနမင်းကြီးသည် အကြောင်းကိုသိရ၍ ရှေးနည်းအတိုင်း အရပ်လေးမျက်နှာ၌ သုံးဂါဝုတ်အတွင်းတွင် အစောင့်အကြပ်များ ချထားပြီးလျှင် လောကီအာရုံများကို တိုးချဲ့စီမံပေးထားလေ၏။

mgyoe.com

mgyoe.com


ထို့နောက် တစ်နေ့သ၌ သိဒ္ဓတ္ထမင်းသားသည် ဥယျာဉ်သို့ အလည်ထွက်ပြန်လေသည်။ ထိုအကြိမ်၌ နတ်များဖန်ဆင်းထားသည့်အတိုင်း လမ်းပေါ်၌ အသုဘချသွားသည်ကို တွေ့ရလေသည်။ နောက်က မသာပို့လိုက်သူများမှာ မျက်ရည်နှင့်မျက်ခွက်ဖြစ်နေကြလျက် ရှေ့ဆုံးမှ လူလေးယောက်က အလောင်းကို ထမ်းသွားကြလေသည်။

သိဒ္ဓတ္ထ ။ ။ ရထားထိန်း၊ လျောင်းနေတဲ့လူဟာ ဘယ်လိုလူနည်း။ သူဘာဖြစ်လို့အခုလို မလှုပ်မယှက် ငြိမ်သက်နေသနည်း။

ရထားထိန်း။ ။ ထိုအရာသည် သေဆုံးသွားသူ၏ အလောင်းဖြစ်ပါသည်။ ကမ္ဘာမြေပေါ်၌ ရှိရှိသမျှ ကျွန်ုပ်တို့အားလုံးသည် တစ်နေ့တွင် သူ့လိုပင်သေရပါလိမ့်မည်။

ဤတွင် သိဒ္ဓတ္ထမင်းသားသည် သတ္တဝါအပေါင်း၏ ဆင်းရဲဒုက္ခအကြောင်းကို နက်နဲစွာတွေးတောမိလေ၏။ "ဤဒုက္ခဟူသမျှမှ လွတ်ရာလွတ်ကြောင်း နည်းလမ်းမရှိတော့ဘူးလား" ဟုလည်း စဉ်းစားမိလေသည်။ ဤသို့ သတိသံဝေဂစိတ် ဖြစ်ပေါ်လာသည်ဖြစ်၍ ဘုရားအလောင်းသည် ရထားထိန်းအား ရထားကို ဆက်အမောင်းမခိုင်းတော့ဘဲ နန်းတော်သို့ပြန်လှည့်လာခဲ့လေ၏။ သုဒ္ဓေါဒနမင်းကြီးလည်း အကြောင်းကို သိရပြန်၍ ယခင်နည်းအတိုင်း အရပ်လေးဘက်လေးမျက်နှာ၌ တစ်ယူဇနာအကွာအဝေးအထိ အစောင့်အကြပ်များကို ချထားလေသည်။

နေ့ရက်တို့သည် ကုန်ဆုံးကျော်လွန်လာခဲ့လေ၏။ ထိုနေ့ရက်အတောအတွင်း၌ သိဒ္ဓတ္ထမင်းသားသည် နောက်ထပ် ဥယျာဉ်သို့ အလည်ထွက်လိုသည့်စိတ် ပေါ်မလာမချင်း လူ့ဘဝ၏ ဆင်းရဲဒုက္ခနှင့် ထိုဆင်းရဲဒုက္ခမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း နည်းလမ်းကိုသာလျှင် မကြာခဏတွေးတောစဉ်းစားနေလေသည်။

ထို့နောက် တစ်နေ့သောအခါတွင် ဘုရားအလောင်းသည် ဥယျာဉ်သို့ အလည်ထွက်လိုသည့်စိတ် ပေါ်ပေါက်လာသည်နှင့် ရထားထိန်းအား ရထားအပြင်ခိုင်းပြီးလျှင် ယခင်နည်းအတိုင်း ဥယျာဉ်ဘက်သို့ ထွက်လာခဲ့လေ၏။

mgyoe.com

mgyoe.com


ဤတစ်ကြိမ်တွင်မူ လမ်းပေါ်တွင် နတ်တို့ဖန်ဆင်းထားသည့် ရဟန်းတစ်ပါးကို တွေ့မြင်ရလေသည်။ ဖန်ဝါသင်္ကန်းကို ဝတ်ရုံထားသည့် ရဟန်း၏ အမူအရာမှာ အခြားသူများနှင့်မတူဘဲ တည်ငြိမ်ကြန့်ရှိလှပေ၏။ မျက်နှာ၌ ငြိမ်းအေးမှု၊ ရောင့်ရဲမှု ပေါ်လွင်ထင်ရှား၍နေ၏။

သိဒ္ဓတ္ထ ။ ။ ရထားထိန်း၊ ဤပုဂ္ဂိုလ်ကား အဘယ်သူနည်း။

ရထားထိန်း။ ။ ဤပုဂ္ဂိုလ်ကို ရဟန်းဟုခေါ်ပါသည်။

သိဒ္ဓတ္ထ ။ ။ ရဟန်းဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးနည်း။

ရထားထိန်း။ ။ လူ့ဘောင်ခွာရှောင်ပြီး ငြိမ်းချမ်းမှုရရှိထားသူကို ရဟန်းခေါ်ပါသည်။

ထိုအခါ သိဒ္ဓတ္ထမင်းသားသည် ရဟန်းပြုလိုစိတ် ပေါ်ပေါက်လာပြီး "ဤရဟန်းကဲ့သို့ ငါလည်းရဟန်းပြုမည်" ဟု စိတ်ပိုင်းဖြတ်လျက် ဥယျာဉ်သို့ ဆက်သွားလေ၏။ သိဒ္ဓတ္ထမင်းသား ဥယျာဉ်သို့ထွက်နေစဉ် ယသောဓရာ မိဖုရားသည် သားတော်ကလေး ရာဟုလာကို မွေးဖွားလေ၏။ သုဒ္ဓေါဒန မင်းကြီးသည် မြေးကလေးဖွားမြင်သည့် အကြောင်းကို ကြားသိရသည်ဖြစ်၍ သားတော်သိဒ္ဓတ္ထမင်းသားအား ဝမ်းမြောက်ဖွယ် မင်္ဂလာသတင်းကို သွားရောက်သံတော်ဦး အတင်ခိုင်းလေ၏။ သိဒ္ဓတ္ထမင်းသားလည်း ရထားကိုစီးလျက် ဥယျာဉ်မှ မြို့တွင်းသို့ပြန်လာခဲ့လေ၏။

❑

mgyoe.com

mgyoe.com

# [၇]
# တောထွက်ခြင်း

သိဒ္ဓတ္ထမင်းသားသည် နိမိတ်ကြီးလေးပါးကို တွေ့မြင်ခဲ့ရပြီးဖြစ်၍ လူ့ဘဝ၏ ဆင်းရဲဒုက္ခနှင့် ရဟန်းဘဝ၏ ငြိမ်းချမ်းမှုကို ဆင်ခြင်စဉ်းစားပြီးလျှင် လူ့စည်းစိမ်ကို စိတ်ပျက်ငြီးငွေ့လာလေ၏။ သို့ဖြစ်၍ မိမိ၏ နန်းတော်သို့ ပြန်လာပြီး ပလ္လင်ပေါ်၌ လျောင်းစက်နေလေသည်။ ထိုအခိုက် နတ်သမီးပမာ လှပစွာ တန်ဆာဆင်ထားသည့် ကခြေသည်တို့သည် အတီး၊ အမှုတ်၊ အဆို၊ အကတို့ဖြင့် ဘုရားအလောင်းအား ဖြေဖျော်ယုယ၍ နေကြလေ၏။

ဘုရားအလောင်းသည် လောကီအာရုံကို ခုံမင်တွယ်တာခြင်း ကင်းနေခိုက်ဖြစ်၍ ကခြေသည်တို့၏ ဖြေဖျော်ယုယမှုကို စိတ်ဝင်စားခြင်းမရှိဘဲ အိပ်ပျော်ခြင်းသို့ ရောက်သွားလေ၏။ ထိုအခါ ကခြေသည်တို့သည်လည်း ဘုရားအလောင်း အိပ်ပျော်သွားသည်ကို သိရ၍ အဆိုအကတို့ကို ရပ်လိုက်ကြပြီးလျှင် အပန်းဖြေရင်း အသီးသီး အိပ်ပျော်သွားကြလေ၏။

ထိုအချိန်၌ ဆီမွှေးပြည့်လျက်ရှိသော ဆီမီး၏ အရောင်ကြောင့် ခန်းဆောင်ထဲတွင် ထွန်းလင်းတောက်ပနေသည်။ အလောင်းတော် မင်းသားသည် သန်းခေါင်ယံအချိန်၌ အိပ်ရာမှနိုးလာလေ၏။ အိပ်ပျော်နေကြသူ

mgyoe.com

mgyoe.com


တို့ကို လှမ်းကြည့်လိုက်ရာ ပိုးလိုးပက်လက် အိပ်ပျော်နေကြသူတို့၏ နှစ်သက်စရာ တစ်ကွက်မျှမရှိသည့် စက်ဆုပ်ရွံရှာဖွယ် အသွင်သဏ္ဍာန်တို့ကို တွေ့မြင်ရလေ၏။ ထို့ကြောင့် စိတ်ပျက်စွာဖြင့် မျက်နှာလွှဲလိုက်ပြီးလျှင် "ယနေ့ပင် နန်းတော်ကိုစွန့်ပြီး တောထွက်တော့မည်" ဟု စိတ်ပိုင်းဖြတ်လိုက်လေသည်။

ယင်းသို့ စိတ်ပိုင်းဖြတ်ပြီးလျှင် သိဒ္ဓတ္ထသည် ပလ္လင်ပေါ်မှဆင်းခဲ့ပြီး တံခါးအနီးသို့သွား၍ "ဘယ်သူရှိသနည်း" ဟု မေးလိုက်လေ၏။

"သခင် ကျွန်တော်မျိုး ဆန္နရှိပါသည်"

တံခါးခုံးတွင် ခေါင်းတင်၍ အိပ်နေသည့် ဖွားဖက်တော် ဆန္နက ပြန်ဖြေလေသည်။

"ယနေ့ပင် ငါတောထွက်လိုသည်။ ငါ့အတွက် မြင်းတစ်ကောင် ပြင်ထားလော့"

"အမိန့်တော်မြတ်အတိုင်းပါ"

ဤသို့ ပြန်ပြောပြီးလျှင် ဆန္နသည် ကကြိုးတန်ဆာများကိုယူကာ မြင်းဇောင်းသို့သွား၍ ဆီမွှေးများဖြင့် ထွန်းညှိထားသည့် ဆီမီးရောင်၏ အောက်၌ ကဏ္ဍကမြင်းကို ကကြိုးတန်ဆာများ ဆင်ယင်ပေးလေ၏။

ဘုရားအလောင်းသည် ဆန္နကို မြင်းပြင်ရန်အလို့ငှာ မြင်းဇောင်းသို့ လွှတ်လိုက်ပြီးနောက် မိမိ၏ရင်သွေးကို ကြည့်ရှုလိုသည့် စိတ်ဆန္ဒပေါ် ပေါက်လာလေ၏။ သို့ဖြစ်၍ ရာဟုလာမိခင် ယသောဓရာ အိပ်စက်နေသည့် အခန်းဆောင်သို့သွား၍ တံခါးကို ဖွင့်လှစ်လိုက်လေသည်။ ထိုအချိန်၌ အခန်းတွင်းဝယ် ဆီမွှေးများဖြင့် ထွန်းညှိထားသည့် ဆီမီးရောင်တို့သည် ဝင်းလက်တောက်ပနေလေသည်။ ယသောဓရာသည် သလွန်ထက်၌ သားငယ်၏ဦးထိပ်တွင် လက်တင်ရင်း အိပ်စက်နေလေသည်။

ဘုရားအလောင်းသည် တံခါးဝတွင် ရပ်လျက် "အကယ်၍ ငါသည် ယသောဓရာ၏ လက်ကိုဖယ်ပြီး သားငယ်ကို ချီယူလိုက်လျှင် ယသောဓရာ နိုးသွားပြီး ငါ၏ တောထွက်ဖို့ရန် အကြံပျက်ချေတော့မည်။ ဘုရားဖြစ်ပြီးသည့်နောက်မှပင် သားကိုကြည့်တော့မည်" ဟု စဉ်းစားပြီးလျှင် နန်းတော်ပေါ်မှ ဆင်းလာခဲ့လေ၏။

mgyoe.com

mgyoe.com


ထို့နောက် သိဒ္ဓတ္ထသည် တစ်ဆယ့်ရှစ်တောင်မျှ ရှည်လျား၍ အပဟုန် ပြင်းစွာ ပြေးသွားနိုင်သည့် ကဏ္ဍကမြင်းဖြူကြီးပေါ်တွင် တက်စီးပြီးလျှင် ဆန္နကိုပါ အတူတကွခေါ်ခဲ့ကာ ညဉ့်သန်းခေါင်ယံအချိန်၌ နန်းတော်မှ ထွက်ခွာလာခဲ့လေ၏။

❑

mgyoe.com

mgyoe.com

## [ ၈ ]
## မာရ်နတ်၏ အနှောင့်အယှက်

သုဒ္ဓေါဒနမင်းကြီးသည် သားတော် အမှတ်တမဲ့ ထွက်သွားမည်ကို စိုးရိမ်၍ မြို့ရိုးတံခါးကြီးနှစ်ချပ်ကို တစ်ချပ်တစ်ချပ်လျှင် ဗိုလ်ခြေတစ်ထောင် ဖွင့်မှသာ ပွင့်နိုင်အောင် စီမံထားလေ၏။ သို့သော်လည်း တံခါးရွက်ကြီးများမှာ နတ်တို့က ကြိုတင်ဖွင့်ထားသဖြင့် အဆင်သင့်ပင် ပွင့်နေကြလေသည်။

မာရ်နတ်သည် သိဒ္ဓတ္ထမင်းသား နန်းတော်ကထွက်လာပြီဆိုသည့် အကြောင်းကို သိရှိသွားလေ၏။ သို့ဖြစ်၍ သိဒ္ဓတ္ထမင်းသား တောမထွက်ဖြစ်အောင် ပြုလုပ်မည်ဟူသော အကြံနှင့်မြို့ရိုးတံခါးဝက သိဒ္ဓတ္ထအလာကို စောင့်နေလေ၏။ သိဒ္ဓတ္ထမင်းသား မြို့ရိုးအနီးသို့ ရောက်လာသောအခါ မာရ်နတ်သည် ဘုရားအလောင်း၏ အကျိုးလိုလားသူ မိတ်ဆွေဟန်ဆောင်လျက် ချိုသာပျော့ပျောင်းသောအသံဖြင့် ဤသို့ပြောလေ၏။

**မာရ်နတ်** ။ ။ သိဒ္ဓတ္ထမင်းသား ထွက်ခွာမသွားပါလင့်။ ယနေ့မှအစပြု၍ နောင် ခုနစ်ရက်မြောက်သောနေ့၌ သင်မင်းသားအတွက် စကြာရတနာရောက်လာလိမ့်မည်။ သင်မင်းသားသည် လေးကျွန်းလုံးကို စိုးမိုးပိုင်ဆိုင်သည့် စကြာဝတေးမင်းကြီး ဖြစ်

mgyoe.com

mgyoe.com


လိမ့်မည်။

သိဒ္ဓတ္ထ ။ ။ အသင် ဘယ်သူနည်း။

မာရ်နတ် ။ ။ ကျွန်ုပ်သည် ဝသဝတ္တီက မာရ်နတ်ဖြစ်ပါသည်။

သိဒ္ဓတ္ထ ။ ။ မာရ်နတ်၊ စကြဝတနာ ဆိုက်လာမည့်အကြောင်း ငါလည်းသိသည်။ ငါ မင်းစည်းစိမ်ကိုအလိုမရှိ။ လောကဓာတ်တစ်သောင်းတွင် ထင်ရှားကျော်ကြားသွားမည့် ဘုရားအဖြစ်သို့ ရောက်ဖို့ရန်သာ ငါကျင့်မည်။

ဤသို့လျှင် သိဒ္ဓတ္ထမင်းသားသည် မာရ်နတ်၏စကားကို ငြင်းပယ်ပြီးလျှင် ရှေ့သို့ ခရီးဆက်လေ၏။ စိတ်ထားယုတ်မာသော မာရ်နတ်သည်လည်း တစ်နေ့တွင် ငါ့အကြံအောင်ရမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဘုရားအလောင်း၏နောက်သို့ အရိပ်ပမာ ထက်ကြပ်မကွာ လိုက်သွားလေ၏။

နတ်ဒေဝါအပေါင်းတို့သည် မီးရှူးတိုင်တို့ကို ကိုယ်စီကိုယ်င ကိုင်လျက် ဘုရားအလောင်း၏ ပတ်ပတ်လည်မှရံ၍ လိုက်ပါကြလေ၏။ ယင်းသို့ သိဒ္ဓတ္ထမင်းသားသည် ခရီးပြင်းနှင်ခဲ့ရာ အနော်မာမြစ်ကိုကူးပြီးနောက် အနော်မာသောင်ကမ်းသို့ရောက်မှ ခရီးနားလေ၏။ ထိုနေရာ၌ သိဒ္ဓတ္ထမင်းသားသည် အဝတ်တန်ဆာများကို ချွတ်ပြီးလျှင် အဝတ်တန်ဆာများနှင့် ကဏ္ဍကမြင်းကို ဆန္နအားပေးအပ်လေ၏။

ထို့နောက်တွင် သိဒ္ဓတ္ထသည် သန်လျက်ဖြင့် ဆံပင်ကိုပယ်ဖြတ်ပြီးလျှင် "အကယ်၍ ငါ အမှန်ဘုရားဖြစ်မည်ဆိုလျှင် ဤငါ၏ ဆံပင်များသည် ကောင်းကင်၌ တည်နေပါစေသား" ဟု အဓိဋ္ဌာန်၍ ဆံပင်ကို ကောင်းကင်သို့ ပစ်လိုက်လေ၏။ ဆံပင်များသည် တစ်ယူဇနာအမြင့်သို့တက်ပြီးလျှင် ကောင်းကင်၌ တည်နေလေသည်။

ထို့နောက်တစ်ဖန် သိဒ္ဓတ္ထမင်းသားသည် "ဤ ငါ၏ အဖိုးထိုက်တန်သည့် ကာသိတိုင်းဖြစ် အဝတ်တို့သည် ရဟန်းအဖြစ်နှင့်မလျော်" ဟူ၍ စဉ်းစားလိုက်သည့်အခါတွင် ကဿပဘုရားလက်ထက်အခါက မိတ်ဆွေဖြစ်ခဲ့ဖူးသည့် ဃဋိကာရ ဗြဟ္မာကြီးက ရဟန်းတို့၏အသုံးအဆောင်ဖြစ်သည့် ပရိက္ခရာရှစ်ပါးကို လာရောက်ဆက်သလေ၏။

mgyoe.com

mgyoe.com


ဘုရားအလောင်းသည် ဃဋိကာရဗြဟ္မာဆက်သည့် သင်္ကန်းကို ဝတ်ရုံပြီးလျှင် "အမောင်ဆန္န ငါ့အကြောင်းကို ခမည်းတော်နှင့် မယ်တော်အား ပြောကြားလိုက်ပေတော့" ဟု ပြောလျက် ဆန္နကို ကပိလဝတ်နေပြည်တော်သို့ ပြန်လွှတ်လိုက်လေ၏။ ဆန္နလည်း ဘုရားအလောင်းကို ရှိခိုးလျက် ရှိုက်ကြီးတငင် ငိုကြွေးပြီးလျှင် မပြန်ချင့်ပြန်ချင်နှင့် ပြန်သွားရရှာလေသည်။

ကဏ္ဍကမြင်းကမူ ဘုရားအလောင်းကို မမြင်ရတော့သည့် နေရာသို့ ရောက်လျှင်ရောက်ချင်း စိတ်နှလုံးထိခိုက်လှသည်ဖြစ်၍ ပြင်းထန်စွာ ဟီပြီးလျှင် သေဆုံးသွားရှာလေသည်။ ကဏ္ဍကမြင်းသည် ကွယ်လွန်သေဆုံးပြီးနောက် တာဝတိံသာနတ်ပြည်၌ ကဏ္ဍကအမည်ရှိ နတ်သားသွားဖြစ်လေ၏။

သိဒ္ဓတ္ထမင်းသားသည် အနုပိယဥယျာဉ်၌ တစ်ပတ်မျှနေပြီးနောက် ခရီးဆက်လက်သွားရာ ရာဇဂြိုဟ်ပြည်သို့ ရောက်သွားလေ၏။ ရာဇဂြိုဟ်သို့ ရောက်သောအခါ ဘုရားအလောင်းသည် မြို့တွင်းသို့ လှည့်လည်၍ ဆွမ်းခံကြွလေသည်။ ထိုအခါ ရာဇဂြိုဟ်ပြည်သူပြည်သားတို့သည် ထူးခြားဆန်းကြယ်သည့် ရဟန်း၏အသွင်အပြင်ကို တွေ့မြင်ကြ၍ တအံ့တသြဖြစ်ကြပြီးလျှင် ရိုသေဦးညွှတ်စွာဖြင့် သူ့ထက်ငါ ဆွမ်းကွမ်းလှူဒါန်းကြလေ၏။

ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရကလည်း ဘုရားအလောင်းကို အလွန်ကြည်ညိုလှသည်ဖြစ်၍ သူ၏ စည်းစိမ်တစ်ဝက်ကို လက်ခံသိမ်းပိုက်ရန် လှူဒါန်းလေသည်။ သို့ရာတွင် စကြဝတေးမင်းအဖြစ်ကို စွန့်လွှတ်လာခဲ့သူ ဘုရားအလောင်းသည် ဗိမ္ဗိသာရ၏ ထီးနန်းစည်းစိမ်ကို အဘယ်မှာလျှင် တပ်မက်မောမည်နည်း။

ဗိမ္ဗိသာရသည် ထီးနန်းစည်းစိမ်ကို အထပ်ထပ်ပေးလှူသော်လည်း ဘုရားအလောင်းက လက်မခံသည့်အဆုံး၌ "ဘုရားဖြစ်သောအခါ တပည့်တော်၏ တိုင်းနိုင်ငံသို့ အရင်ကြွတော်မူပါ" ဟု တောင်းပန်လျှောက်ထားပြန်လေ၏။ ထိုအခါ ဘုရားအလောင်းက ဗိမ္ဗိသာရ၏ တောင်းပန်ချက်ကို လက်ခံလိုက်လေသည်။

❑

mgyoe.com

mgyoe.com

# [၉]
# ဒုက္ကရစရိယာ ကျင့်ခြင်း

ဘုရားအလောင်းသည် ရာဇဂြိုဟ်ပြည်မှ ခရီးဆက်လက်၍သွားရာ အာဠာရနှင့် ဥဒကရသေ့တို့၏အထံ၌ ဈာန်သမာပတ်တရားများကို နည်းခံသင်ကြားလေသည်။ သို့ရာတွင် ထိုရသေ့တို့၏ သင်ကြားပေးသည့် နည်းများကို မကျေနပ်သေးသဖြင့် အမြင့်မြတ်ဆုံးသော သမ္မာသမ္ဗောဓိဉာဏ်အမြင်ကို ရရှိရန်အတွက် ဆက်လက်ခရီးထွက်ပြန်ရာ ဥရုဝေလတောသို့ ရောက်သွားလေ၏။

ထိုဥရုဝေလတော၌ ဘုရားအလောင်းသည် ခရီးရပ်နားပြီးလျှင် "ဤနေရာသည် တရားကျင့်ရန် ကောင်းသည့်နေရာဖြစ်၏" ဟု အကြံဖြစ်ပေါ်လျက် ကျင့်ဖို့ရန်အလွန်ခက်ခဲသည့် အကျင့် (ဒုက္ကရစရိယာ) ကို ကျင့်တော်မူလေ၏။

ကောဏ္ဍညစသည့် ပဉ္စဝဂ္ဂီငါးဦးတို့သည်လည်း ရပ်ရွာတို့၌ ဆွမ်းခံလှည့်လည်ရင်း ဘုရားအလောင်းရှိရာ ဥရုဝေလတောသို့ ရောက်လာခဲ့ကြလေ၏။ ထိုပဉ္စဝဂ္ဂီငါးဦးတို့သည် ဘုရားအလောင်း ဘုရားဖြစ်နိုးနိုးနှင့် မျှော်ကိုးစောင့်စားရင်း ခြောက်နှစ်တိုင်တိုင် ဘုရားအလောင်းကို ဆည်းကပ်လုပ်ကျွေး၍ ဘုရားအလောင်း၏အနီး၌ နေထိုင်ကြလေ၏။

mgyoe.com

mgyoe.com


ဘုရားအလောင်းသည် အလွန်ခက်ခဲသည့် အကျင့်ကိုကျင့်ရင်း နှမ်းတစ်စေ့၊ သို့မဟုတ် ဆန်တစ်စေ့မျှလောက်ကိုသာလျှင် မှီဝဲလေ၏။ ထို့နောက် အစာအာဟာရကို လုံး၀ဖြတ်ပစ်လိုက်လေသည်။ ထိုအခါ နတ်တို့က မွေးညင်းပေါက်များကြားမှ အစာသြဇာဓာတ်ကို သွင်းပေးကြလေသည်။ သို့ရာတွင် အစာအာဟာရကို မမှီဝဲသဖြင့် ဘုရားအလောင်းသည် အလွန်အင်အားချည့်နဲ့နေလေ၏။ ရွှေရောင်အဆင်းရှိသော ကိုယ်ကာယသည် မည်းညစ်သွား၏။ ကိုယ်ကာယ၌ ထင်ပေါ်နေသည့် သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်လက္ခဏာများလည်း ကွယ်ပျောက်သွားကြလေသည်။

တစ်နေ့သ၌ ဘုရားအလောင်းသည် အသက်မရှူဘဲ တရားအားထုတ်ရာ အလွန်ပင်ပန်းလှသဖြင့် သတိမေ့ပြီး စင်္ကြံသွားသည့်နေရာ၌ လဲကျသွားလေ၏။ ထို့နောက် သတိပြန်ရလာသည့်အခါတွင် "ဤခက်ခဲသည့် အကျင့်သည် ဘုရားဖြစ်ရန် နည်းလမ်းမဟုတ်" ဟု စဉ်းစားမိလေသည်။ ဘုရားအလောင်းသည် အနီးအနားရှိ ရပ်ရွာတို့၌ ဆွမ်းခံ၍ အစာအာဟာရကို မှီဝဲလေ၏။

ထိုအခါ သူ၏ကိုယ်ရောင်သည်လည်း ရွှေရောင်တောက်လာလေသည်။ ကောဏ္ဍညအမှူးရှိသည့် ပဥ္စဝဂ္ဂီငါးဦးတို့ကမူ "ခြောက်နှစ်ပတ်လုံး အလွန်ခဲယဉ်းသည့် အကျင့်ကို ကျင့်ပါသော်လည်း ဘုရားမဖြစ်သူမှာ ယခု အစာအာဟာရကိုစားလျှင်ကား ဘုရားအဖြစ်နှင့် ပို၍ဝေးပြီ" ဟု တွေးပြီးလျှင် ဘုရားအလောင်းကို စွန့်ခွာလျက် ဗာရာဏသီ မိဂဒါဝုန်တောသို့ ထွက်လာခဲ့ကြလေ၏။

❑

mgyoe.com